ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၅/၂၀၁၇)

ဦးအောင်မျိုးမင်း(ယာဉ်မောင်း)
ဖူးရှင်းဘရားသားကုမ္ပဏီ၊
ခြံအမှတ် ၈ျ/၂၀၊ ရတနာပုံတက္ကသိုလ်လမ်း၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဦးအိုက်ထွန်း (ပိုင်ရှင်)
ဖူးရှင်းဘရားသားကုမ္ပဏီ၊
ခြံအမှတ် ၈ျ/၂၀၊ ရတနာပုံတက္ကသိုလ်လမ်း၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ် လ ၁၅ ရက်

**ဆုံးဖြတ်ချက်**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံတက္ကသိုလ်လမ်း၊ ခြံအမှတ် ၈ျ/၂၀ရှိ ဖူးရှင်းဘရားသားကုမ္ပဏီ ပိုင်ရှင် ဦးအိုက်ထွန်းနှင့် ယာဉ်မောင်းအလုပ်သမား ဦးအောင်မျိုးမင်းတို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ယာဉ်မောင်းအလုပ်သမား ဦးအောင်မျိုးမင်းမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်သမားမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍လျှောက်ထားခြင်းဖြစ်သည်-

| | |
|---|---|
| **ကောက်ချက်အမှတ်(၁)။** | ဦးအောင်မျိုးမင်း (ယာဉ်မောင်း)မှ အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် မူလနေရာ၊ မူလရာထူးအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် ကြားကာလနစ်နာကြေး ရရှိလိုကြောင်း တောင်းဆိုခြင်း။ |
| **ဆုံးဖြတ်ချက်အမှတ်(၁)။** | ယာဉ်မောင်း ဦးအောင်မျိုးမင်းအား အလုပ်ရပ်စဲမှုအတွက် လုပ်ခလစာ အခကြေးငွေ (၁၅၀၀၀၀ိ/-)ဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် တစ်လခွဲလစာအတွက် (၂၂၅၀၀၀ိ/-)ပေးရန် ဆုံးဖြတ်လိုက်သည်။ |

၅။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၅/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် အခြားတင်ပြလာသောစာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့ပါသည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိကောင်စီ ခုံအဖွဲ့ရှေ့မှောက်သို့ (၁၅-၃-၂၀၁၇)ရက်နေ့တွင် ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆို

တင်ပြချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** ယာဉ်မောင်း ဦးအောင်မျိုးမင်းအား အလုပ်ရပ်စဲမှုအတွက် လုပ်ခလစာ အခကြေးငွေ (၁၅၀၀၀၀ိ/-)ဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် တစ်လခွဲလစာအတွက် (၂၂၅၀၀၀ိ/-)ပေးရန် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် ညီညွတ်မှုရှိ/မရှိ။

**လေ့လာတွေ့ရှိချက်**

၇။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှ တင်ပြခဲ့သော ချေပချက်၊ ထွက်ဆိုချက်များနှင့် သုံးသပ်ချက်များအရ ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့အပေါ် မျှတသောဆုံးဖြတ်ချက်ဖြစ်ပြီး၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူချက်စာချုပ် (EC) သည် (၂၀-၁-၂၀၁၇) ရက်နေ့တွင် သက်တမ်းလွန်နေပြီး၊ ထပ်မံချုပ်ဆိုဆောင်ရွက်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်ရှင်တင်ပြခဲ့သော EC စာချုပ်၏ နောက်ဆက်တွဲ အပိုဒ် ၃၇ တွင် ဖော်ပြပါရှိသည့် **"ရည်ရွယ်ချက်ဖြင့် လုပ်ငန်းတမင်တကာ ကျဆင်းစေရန်၊ စွမ်းဆောင်ရည်လျော့ချခြင်း မပြုလုပ်ရ။"** ဟူသော အချက်ကို အလုပ်သမားသည် ကျူးလွန်ချိုးဖောက်ခြင်းမပြုခဲ့သလို၊ အလုပ်ရှင်သည်လည်း အတင်းအဓမ္မအချိန်ပိုလုပ်ဆောင်စေခြင်းကို သိသာထင်ရှားသော အချက်အလက်များဖြင့် အလုပ်သမားဘက်မှ တင်ပြနိုင်ခြင်းမရှိပါ။ လုပ်ငန်း၏သဘောသဘာဝအရ ကုန်ထုတ်လုပ်မှုမဟုတ်ဘဲ ရန်ကုန်ရုံးချုပ်စက်ရုံများမှပေးပို့ခဲ့သည့် ကုန်ပစ္စည်းများကို အမှာစာရှိသည့်လုပ်ငန်းဌာနများသို့ ယာဉ်မောင်း ဦးအောင်မျိုးမင်း မောင်းနှင်သည့်ယာဉ်ဖြင့် လိုက်လံပို့ဆောင်ရပြီး၊ တစ်ခါတစ်ရံတွင် အချိန်ကျော်လွန်သွားသော်လည်း ယာဉ်မောင်း ဦးအောင်မျိုးမင်းနှင့် အတူပါလာသော ကုန်တင်ကုန်ချလုပ်သားများအနေဖြင့် အလုပ်ချိန်ကျော်လွန်ပါက ကားပေါ်တွင် တင်ဆောင်ထားသည့် သံချောင်းရှည်များကြောင့် အန္တရာယ်ဖြစ်မည်ကိုစိုးရိမ်၍ ရှောင်လွှဲပြီး သက်ဆိုင်ရာမန္တလေးရှိဌာန (ဂိုဒေါင်)ဝင်းအတွင်းသို့ ပြန်လည်မောင်းနှင်ခဲ့သည်ကို အလုပ်ရှင်မှအယူအဆလွဲ၍လည်းကောင်း၊ ယာဉ်မောင်း ဦးအောင်မျိုးမင်းမှလည်း မိမိကိုယ်ပိုင်ဖုန်းကို အသုံးပြု၍ ဌာနရှိတာဝန်ခံထံသို့ သတင်းပေးပို့လမ်းညွှန်ချက်ခံယူခြင်း မရှိသဖြင့်လည်းကောင်း၊ နားလည်မှုလွဲမှား၍ ဤကဲ့သို့အငြင်းပွားမှုကိုဖြစ်ပေါ်စေသည့် အခြေအနေသို့ရောက်ခဲ့သည်ဟု လေ့လာတွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၈။ အထက်ပါအခြေအနေများကို ပိုမိုအားကောင်းလာစေသော အဖြစ်အပျက်များမှာ ယခင်နှစ် (၃၀-၆-၂၀၁၆)ရက်နေ့၊ (၂၅-၈-၂၀၁၆)ရက်နေ့နှင့် (၂၇-၁၂-၂၀၁၆)တို့တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်ရှင်မှ ၎င်း၏စီးပွားဖက်များ၏ တိုင်တန်းချက်များကြောင့် စီးပွားထိခိုက်သည်ဟု မှတ်ယူပြီး၊ ဖော်ပြပါရက်များအတွက် နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့် သတိပေးခြင်း စသည်တို့ကို (၃)ကြိမ်တိုင် တိုင်ဆောင်ရွက်ခဲ့ကြောင်း အလုပ်ရှင်၏ကိုယ်စားလှယ် ဦးမောင်မောင်စိုး (HR Manager) မှ ထွက်ဆိုခဲ့ပြီး၊ နောက်တစ်ကြိမ်ဖြစ်ပွားပါက အလုပ်မှ ထုတ်ပယ်သည့်အထိ အရေးယူမည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးဖြစ်ပါသည်ဟု မှတ်ယူခဲ့ပါသည်။ ယာဉ်မောင်း ဦးအောင်မျိုးမင်းကို (၆-၂-၂၀၁၇) ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့ပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက် တို့ကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

၉။ ယာဉ်မောင်း ဦးအောင်မျိုးမင်း၏ကိုယ်စား လာရောက်ထွက်ဆိုခဲ့သော ဦးနေလင်းအောင် (အခြေခံအလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ)မှ မိမိတို့အနေဖြင့် အောက်ခြေမှစ၍ အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး၊ နစ်နာကြေး(၁၀)သိန်းအထိပေးရန်တောင်းဆိုခဲ့သော်လည်း ဥပဒေနှင့်ညီညွတ်မှု မရှိဘဲ ကျော်လွန်တောင်းဆိုချက်ဖြစ်၍ ခုံအဖွဲ့မှ ဥပဒေနှင့်အညီခံစားခွင့်သာ ရရှိနိုင်မည်ဖြစ် ကြောင်းရှင်းလင်းခဲ့ပါသည်။ ၎င်းအပြင် အဆိုပါသတိပေးချက်များသည် (၂၀၁၆)ခုနှစ်မှဖြစ်၍ မမှန်မကန်တင်ပြထားချက်များကို ယခု(၂၀၁၇)ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်းမဟုတ်ကြောင်း ထုချေ ရှင်းလင်းခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်တို့၏ ထွက်ဆိုချက်များအရလည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဥပဒေနှင့်အညီ ကြောင်းကျိုးညီညွတ်သည့်ဆုံးဖြတ်ချက်အရလည်း ကောင်း၊ ဖော်ပြပါရှိသည့် ခံစားခွင့်ငွေများသည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ အပေါ် တရားမျှတမှုရှိပြီး၊ ဥပဒေနှင့်ညီညွတ်သည့်အတွက် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ယာဉ်မောင်း ဦးအောင်မျိုးမင်းအား အလုပ်ရပ်စဲခြင်းနှင့်စပ်လျဉ်း၍ နစ်နာကြေးများကို အောက်ပါအတိုင်းခံစားခွင့်ပြုရန်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်သည် အလုပ်ရပ်စဲခဲ့သည့် ယာဉ်မောင်း ဦးအောင်မျိုးမင်း အား နှိုတစ်ကြေး(၁)လစာ(၁၅၀၀၀၀ိ/-)နှင့် အလုပ်ရပ်စဲမှုနစ်နာ ကြေး လုပ်သက်အရခံစားခွင့်ငွေ (၂၂၅၀၀၀ိ/-)၊ နှစ်ရပ်ပေါင်း စုစုပေါင်း ခံစားခွင့်ငွေ (၃၇၅၀၀၀ိ/-) (ကျပ်သုံးသိန်းခုနှစ်သောင်း ငါးထောင်တိတိ)ကို ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးသောင်းစိန် | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |